ကရင်နီပြည် အတိုင်ပင်ခံကောင်စီ

Karenni State Consultative Council (KSCC)

## ကရင်နီပြည်

# ကြားကာလ ကျန်းမာရေးမူဝါဒ

ကရင်နီပြည်အတိုင်ပင်ခံကောင်စီမှ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၁၆) ရက်နေ့တွင်
အတည်ပြုပြဋ္ဌာန်းသည်။

# မာတိကာ


**နောက်ခံသမိုင်းကြောင်း ................................................................ ၁**

**နိဒါန်း..................................................................................... ၃**

**အမည်၊ မျှော်မှန်းချက်၊ ဦးတည်လုပ်ငန်းစဉ်နှင့် ရည်ရွယ်ချက်များ.......................၅**

အမည် ........................................................................................ ၅
မျှော်မှန်းချက် (VISION) ................................................................ ၅
ဦးတည်လုပ်ငန်းစဉ် (MISSION) ........................................................ ၅
ရည်ရွယ်ချက်များ............................................................................ ၅

**မူဝါဒ၏ စံတန်ဖိုးများနှင့် အခြေခံမူများ ...................................................၆**

စံတန်ဖိုးများ (CORE VALUES) ........................................................... ၆
အခြေခံမူများ ................................................................................. ၆

**ကျန်းမာရေးမူဝါဒများ ...................................................................... ၇**

အမျိုးသားကျန်းမာရေး ..................................................................... ၇
ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုနှင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှု............. ၇
ကျန်းမာရေးဆိုင်ရာ ကောင်စီများ ......................................................... ၈
ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်း.................................................. ၉
တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းချိတ်ဆက် ဆောင်ရွက်ခြင်း
..................................................................................................... ၉
ပုဂ္ဂလိကကျန်းမာရေး........................................................................ ၉

**ဘဏ္ဍာရေးဆိုင်ရာပြဋ္ဌာန်းချက် ............................................................ ၁၀**

**မူဝါဒ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း.............................................. ၁၀**

**မူဝါဒအား ပြင်ဆင်ဖြည့်စွက်ခြင်း.......................................................... ၁၁**

**အထွေထွေ ..................................................................................... ၁၁**

နိဂုံး .............................................................................................၁၂

# နောက်ခံသမိုင်းကြောင်း

ကောင်းမွန်သောကျန်းမာရေးစနစ်ကို ပြည်သူတိုင်းလက်လှမ်းမီနိုင်ရေးကို တိုင်းပြည်ပြန်လည်ထူထောင်ရေးနှင့် ပြည်သူ့ဝန်ဆောင်မှုကဏ္ဍ၏ အရေးကြီးသော ဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်အဖြစ် ထားရှိရန်လိုအပ်သည်။ ကရင်နီပြည်အတွင်းရှိ ပြည်သူများအနေဖြင့် အသက်အရွယ်မရွေး တာဝန်ခံမှုရှိသော၊ ခွဲခြားမှုမရှိသော၊ ကောင်းမွန်သော ကျန်းမာရေးဝန်ဆောင်မှုများ ရရှိနိုင်ရန်အတွက် တိကျသောမူဝါဒများရှိထားရမည်ဖြစ်သည်။ သို့မှသာလျှင် ဥပဒေများကိုပြဋ္ဌာန်းနိုင်ရေးအတွက် လွှတ်တော်၏ဆွေးနွေးမှုအရပ်ရပ်ကို အထောက်အပံ့ပြုနိုင်သည့် အခြေခံစဉ်းစားရမည့် စံနှုန်းများနှင့် အစိုးရဝန်ဌာနများအနေဖြင့် လုပ်ငန်းစီမံချက်များ ချမှတ်အကောင်အထည်ဖော်ရာတွင် လေးစားလိုက်နာကျင့်သုံးရမည့် လမ်းညွှန်ချက်များအဖြစ်ထားရှိမည့် ကျန်းမာရေးမူဝါဒတစ်ရပ် လိုအပ်မည်ဖြစ်သည်။

၂၀၂၁ ခုနှစ်၊ ဧပြီလ (၉) ရက်နေ့တွင် ကရင်နီပြည်အတွင်းရှိ နိုင်ငံရေးအင်အားစုများ၊ တော်လှန်ရေးအင်အားစုများမှ ကရင်နီပြည်အတိုင်ပင်ခံကောင်စီကို အတတ်နိုင်ဆုံးစုစည်း၊ ဖွဲ့စည်းခဲ့ပြီး ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးကော်မတီတစ်ရပ်ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလတွင် ပထမအကြိမ် ကရင်နီပြည်အတိုင်ပင်ခံကောင်စီညီလာခံကျင်းပခဲ့ပြီး ကြားကာလအစီအမံကိုလည်း ရေးဆွဲအတည်ပြုပြဋ္ဌာန်းခဲ့သည်။ ကြားကာလအစီအမံအရ ကရင်နီပြည်ကြားကာလ အုပ်ချုပ်ရေးကောင်စီမှ ကျန်းမာရေးဌာနကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၇) ရက်နေ့တွင် ပြန်လည်ဖွဲ့စည်းခဲ့၍ လိုအပ်လျှက်ရှိသည့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများကို ကျန်းမာရေး CDM ဝန်ထမ်းများ၊ ပညာရှင်များ၊ တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများ (EHOs)၊ အခြားကျန်းမာရေး အင်အားစုများ၊ အဖွဲ့အစည်းများနှင့်အတူ ပူးတွဲဆောင်ရွက်လျှက်ရှိသည်။

ဗဟိုချုပ်ကိုင်မှုနှင့် အကန့်အသတ်များကြောင့် ကရင်နီပြည်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို တော်လှန်ရေးအင်အားစုများမှ နှစ်ပေါင်းများစွာ ဆောင်ရွက်ခဲ့ကြရာ လက်ရှိအချိန်ကာလတွင်လည်း လူမျိုးစု/တိုင်းရင်းသား ကျန်းမာရေးအဖွဲ့အစည်းများ (EHOs)၊ ကျန်းမာရေး CDM ဝန်ထမ်းများအပါအဝင် ကျန်းမာရေးဝန်ဆောင်မှု ပေးနေသည့် အဖွဲ့အစည်းများအားလုံး အတူတကွပူးပေါင်းညှိနှိုင်းဆောင်ရွက်မှသာလျှင် ပြည်သူများအားလုံး ကောင်းမွန်သောကျန်းမာရေးစောင့်ရှောက်မှုများကို တပြေးညီရရှိခံစားနိုင်မည်ဖြစ်ပြီး မိမိတို့ပြည်နယ်၏ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် လိုအပ်မည့်အရင်းအမြစ်များလည်း ပိုမိုအားကောင်းခိုင်မာလာနိုင်မည်ဖြစ်ပေသည်။

ပြည်နယ်၏လိုအပ်သော ကျန်းမာရေးမူဝါဒကို ရေးဆွဲနိုင်ရေးအတွက် ၂၀၂၄ ခုနှစ်၊ မေလတွင် ကရင်နီပြည်အတိုင်ပင်ခံကောင်စီ၏ မူဝါဒမူကြမ်းရေးဆွဲရေးကော်မတီ၊ ကရင်နီပြည်ကြားကာလ အုပ်ချုပ်ရေးကောင်စီ၏ ကျန်းမာရေးဌာနမှတာဝန်ရှိသူများ၊ ကျွမ်းကျင်ပညာရှင်များပါဝင်သော ကျန်းမာရေးမူဝါဒ (မူကြမ်း) ရေးဆွဲရေးလုပ်ငန်းအဖွဲ့ကိုဖွဲ့စည်းခဲ့ပြီး လက်ရှိကရင်နီပြည်၏ မြေပြင် အခြေအနေများနှင့် ကိုက်ညီမှုရှိစေရန်အတွက် မြေပြင်ရှိပြည်သူလူထုများ၏အသံများ၊ ပြည်နယ်တွင်း ကျန်းမာရေးဝန်ဆောင်မှုပေးနေသောအင်အားစုများ၊ သက်ဆိုင်သူများနှင့် တွေ့ဆုံတင်ပြ၍ ဆွေးနွေးချက်များ၊ အကြံပြုချက်များရယူပြီး ဤကရင်နီပြည်ကြားကာလကျန်းမာရေးမူဝါဒကို ရေးဆွဲခဲ့ပါသည်။

ဤကျန်းမာရေးမူဝါဒမူတွင် ကျန်းမာရေးဆိုင်ရာညှိနှိုင်းပေါင်းစပ်ရေးကော်မတီ၊ အမျိုးသား ကျန်းမာရေးကော်မတီနှင့် ကျန်းမာရေးဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေးအစိုးရတို့၏ မြန်မာနိုင်ငံ ဖက်ဒရယ်ကျန်းမာရေးမူဝါဒမူကြမ်း (ဗားရှင်း–01) နှင့် ၂၀၁၈ခုနှစ်၊ မေလတွင် မြန်မာနိုင်ငံ ဆေးပညာရှင်များအသင်းမှရေးဆွဲခဲ့သော အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကျန်းမာရေး မူဝါဒ (မူကြမ်း) ဆိုင်ရာ အကြံပြုချက်များကိုလည်း မှီငြမ်းကိုးကားထားသည်။

# နိဒါန်း

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စစ်တပ်မှအာဏာသိမ်းရန် ကြိုးပမ်းပြီးနောက်ပိုင်း ကရင်နီပြည်ရှိ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများသည် အဘက်ဘက်မှ ယိုယွင်းပျက်စီးသွားပြီး အကြမ်းဖက်စစ်ကောင်စီသည် ကိုယ်ထူကိုယ်ထ ကျန်းမာရေးဝန်ဆောင်မှုများကိုပင် ပစ်မှတ်ထား တိုက်ခိုက်ဖျက်ဆီးခြင်းများကို ပြုလုပ်လျှက်ရှိသည်။ ကြားကာလ (တော်လှန်ရေးကာလ)၊ အသွင်ကူးပြောင်းရေးကာလနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေး ကာလများ အတွက် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများတွင် ကျန်းမာရေးကဏ္ဍသည် အလွန်ပင်အရေးကြီးသည်။ ကျန်းမာရေးသည် ပြည်သူများအားလုံး၏ အခြေခံရပိုင်ခွင့်ဖြစ်သည်။ ထို့အပြင် ဖက်ဒရယ်အခြေခံ ကျန်းမာရေးစနစ်ကို ပြန်လည်အသက်သွင်းအားဖြည့်၍ အားလုံးပါဝင်ပြီး ခိုင်မာအားကောင်းသော ကျန်းမာရေးစနစ်တစ်ရပ်ပေါ်ပေါက်စေရေးသည် ကြားကာလအတွက် အထူးအရေးတကြီး လိုအပ်လျက်ရှိသည်။

ခေတ်အဆက်ဆက်တွင် ကရင်နီပြည်၌ အထူးသဖြင့်ဝေးလံခေါင်ဖျားဒေသများတွင် နေထိုင်ကြသော တိုင်းရင်းသားလူမျိုးစုများအတွက် ကျန်းမာရေးဝန်ဆောင်မှုများရရှိရန် ခက်ခဲသည့် အတွက် တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများ၊ ဘာသာရေးအဖွဲ့များနှင့် အရပ်ဘက် အဖွဲ့အစည်းများမှ နေရာအနှံ့တွင် ကျန်းမာရေးစောင့်ရှောက်မှုရရှိရန်အတွက် ကြိုးပမ်းခဲ့ကြသကဲ့သို့ ယခုလက်ရှိ တော်လှန်ရေးကာလ (ကြားကာလ) တွင်လည်း ပြည်သူများအတွက်ကျန်းမာရေး ဝန်ဆောင်မှုများ ပေးလျှက်ရှိကြသည်။ အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) တွင် အားတက်သရောပါဝင်ကြသည့် ကျန်းမာရေးဝန်ထမ်းများနှင့် အခြားသောကျန်းမာရေးအင်အားစုများ မှလည်း ကရင်နီပြည်၏ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများတွင် အထူးအားတက်သရော ပူးပေါင်း ပါဝင်ဆောင်ရွက်လျှက်ရှိကြသည်။

ကျန်းမာရေးဝန်ဆောင်မှုဟူသမျှကို အများပြည်သူလက်လှမ်းမီရေးနှင့်ပတ်သက်၍ အခြေခံ အားဖြင့် ဂျန်ဒါကွဲပြားမှုအမြင်များကို ထည့်သွင်းစဉ်းစားခြင်း (Gender Sensitivity) နှင့် လိင်စိတ် ခံယူမှုကွဲပြားသူများ (LGBTQ)၊ ကိုးကွယ်ယုံကြည်မှု၊ အသားအရောင်၊ လူမျိုး၊ အသက်အရွယ်၊ နေရာဒေသစသည့် ကွဲပြားမှုများအပေါ်အခြေမခံဘဲ ကရင်နီပြည်အတွင်းနေထိုင်ကြသည့် ပြည်သူများအားလုံးသည် ကျန်းမာရေးစောင့်ရှောက်မှုများကို သာတူညီမျှ ရရှိခံစားနိုင်ရေးသည် အရေးကြီးသည်။

ကရင်နီပြည်၏ကျန်းမာရေးမူဝါဒသည် ဖက်ဒရယ်စနစ်ကိုအခြေပြုသော ကျန်းမာရေးမူဝါဒ ဖြစ်သည့်အလျောက် ကရင်နီပြည်အတွင်းရှိ အစုအဖွဲ့များအားလုံး အတူတကွ ပြည်သူ့ကျန်းမာရေး ဝန်ဆောင်မှုများကို ပူးပေါင်းညှိနှိုင်းဖော်ဆောင်ရမည်ဖြစ်သည်။ ထို့ပြင် လူတိုင်းလက်လှမ်းမီနိုင်သည့်

ကျန်းမာရေးလွှမ်းခြုံမှု (UHC) ပန်းတိုင်သို့လျှောက်လှမ်းရာတွင် ဖက်ဒရယ်ဒီမိုကရေစီ၏ အခြေခံဖြစ်သော ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရနှင့် ဒေသန္တရအစိုးရများအကြား လုပ်ပိုင်ခွင့်အာဏာနှင့်တာဝန်များကို နိုင်ငံရေးအရသဘောတူညီထားသည့် ကြားကာလအဖွဲ့အစည်းဆိုင်ရာအစီအမံများ (Institutional Arrangement) အပေါ်အခြေခံ၍ လုပ်ဆောင်ရမည်ဖြစ်ပါသည်။

ဤကရင်နီပြည်ကြားကာလကျန်းမာရေးမူဝါဒသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ (Sustainable Development Goals) တွင်ပါဝင်သော ကျန်းမာရေးဆိုင်ရာပန်းတိုင်များအနက် ကရင်နီပြည်အတွင်းရှိ ပြည်သူတိုင်းလက်လှမ်းမီနိုင်သည့် ကျန်းမာရေးလွှမ်းခြုံမှုရရှိစေရေး ရည်မှန်းချက်ပန်းတိုင်နှင့်အညီ ကရင်နီပြည်အတွင်းရှိ ပြည်သူများအားလုံးက သဘောတူညီမှုမှုရှိသော၊ ခွဲခြားမှုကင်းမဲ့သည့် ကျန်းမာရေးစောင့်ရှောက်မှုများကို ပြည်သူများပါဝင်သောကျန်းမာရေးစောင့်ရှောက်မှုစနစ်ဖြင့် လက်လှမ်းမီရရှိစေရန်နှင့် ကောင်းမွန်သောကျန်းမာရေးစောင့်ရှောက်မှုကို လူတိုင်းပိုင်ဆိုင်နိုင်ရန် မျှော်ရည်ပါသည်။

# အခန်း (၁)
# အမည်၊ မျှော်မှန်းချက်၊ ဦးတည်လုပ်ငန်းစဉ်နှင့် ရည်ရွယ်ချက်များ

## အမည်

၁။ ဤမူဝါဒအား **ကရင်နီပြည်ကြားကာလကျန်းမာရေးမူဝါဒ**ဟု ခေါ်တွင်ရမည်။

## မျှော်မှန်းချက် (Vision)

၂။ ကရင်နီပြည်အတွင်းရှိ ပြည်သူများအားလုံးပါဝင်သည့် ခိုင်မာအားကောင်းသော ဖက်ဒရယ်ကျန်းမာရေးစနစ် ပေါ်ထွန်းလာစေရန်။

## ဦးတည်လုပ်ငန်းစဉ် (Mission)

၃။ ပြည်နယ်၏ကျန်းမာရေးဝန်ဆောင်မှုများသည် တာဝန်ယူတာဝန်ခံမှုရှိပြီး ခွဲခြားမှုမရှိသည့် အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးဝန်ဆောင်မှုဖြစ်ရမည်။

## ရည်ရွယ်ချက်များ

၄။ ဤကရင်နီပြည် ကျန်းမာရေးမူဝါဒ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) ကရင်နီပြည်အတွင်းရှိ ပြည်သူများပါဝင်နိုင်သည့် ဖက်ဒရယ်ကျန်းမာရေးစနစ် ဖော်ဆောင်ကျင့်သုံးရန်၊

(ခ) ကျန်းမာရေးဌာနအသီးသီးက ဝန်ဆောင်မှုပေးသည့် ကျန်းမာရေးစောင့်ရှောက်မှုတိုင်း၏ အရည်အသွေး ပိုမိုကောင်းမွန်စေရန်၊

(ဂ) ကရင်နီပြည်အတွင်းရှိ ပြည်သူများအားလုံးသည် ကျန်းမာရေးစောင့်ရှောက်မှုများကို ပြည့်ဝစွာ ရယူခံစားပိုင်ခွင့်ရှိစေရန်၊

(ဃ) ပြည်နယ်အတွင်းရှိ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပုဂ္ဂလိက၏ကျန်းမာရေး အခန်းကဏ္ဍ မြှင့်တင်ရန်။

# အခန်း (၂)
# မူဝါဒ၏ စံတန်ဖိုးများနှင့် အခြေခံမူများ

## စံတန်ဖိုးများ (Core Values)

၅။ ဤကရင်နီပြည်ကြားကာလကျန်းမာရေးမူဝါဒ၏စံတန်ဖိုးများမှာ အောက်ပါအတိုင်း ဖြစ်သည်–

(က) ကျန်းမာရေးဆိုင်ရာ သာတူညီမျှမှု၊

(ခ) ဂျန်ဒါ တန်းတူ ညီမျှရေး (Gender Equality)၊

(ဂ) ကျန်းမာရေးဆိုင်ရာအခွင့်အရေးများ (Health Rights)၊

(ဃ) ဖက်ဒရယ် ကျန်းမာရေးစနစ် (Federal Health System)၊

(င) စုပေါင်းခေါင်းဆောင်မှု (Collective Leadership)။

## အခြေခံမူများ

၆။ ဤကရင်နီပြည်ကြားကာလကျန်းမာရေးမူဝါဒ၏အခြေခံမူများမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ပြည်နယ်အတွင်းရှိ ဆေးရုံများ၊ ဆေးခန်းများနှင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများသည် ပြည်နယ်၏ကြီးကြပ်မှုအောက်တွင်ရှိသည်။

(ခ) ပြည်နယ်၏ကျန်းမာရေးအခန်းကဏ္ဍသည် ပြည်သူ့အခြေပြုကျန်းမာရေးစနစ်ကို ဖော်ဆောင်သည်။

(ဂ) ဖက်ဒရယ်မူနှင့်အညီ ကျန်းမာရေးဆိုင်ရာကဏ္ဍပေါင်းစုံ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှု ရှိသည်။

(ဃ) ကျန်းမာရေး ပညာရှင်များ၏ အတတ်ပညာ၊ အသိပညာ၊ ဂုဏ်သိက္ခာနှင့် ကျင့်ဝတ်များကို လေးစားတန်ဖိုးထားသည်။

(င) မည်သည့် ကျန်းမာရေးဝန်ဆောင်မှုမဆို လူမျိုး၊ ယုံကြည်ကိုးကွယ်မှု၊ လိင်စိတ်ကွဲပြားမှု၊ ထိခိုက်လွယ်မှု၊ လူမှုအဆင့်အတန်း၊ မသန်စွမ်းမှု၊ အသက်အရွယ်နှင့် အသားအရောင် အပေါ်အခြေခံ၍ ခွဲခြားမှုမရှိစေရ။

(စ) ကရင်နီပြည်သည် ပြည်နယ်၏ကျန်းမာရေးအခန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေသည့် အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားသူ (CDM) များ၊ တိုင်းရင်းသားကျန်းမာရေး အဖွဲ့အစည်းများနှင့် တော်လှန်ရေးအဖွဲ့အစည်းများ (EHOs) ၏ ကျန်းမာရေး ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ဆောင်မှုပေးနေသူများကို လေးစားအသိအမှတ်ပြုသည်။

# အခန်း (၃)
# ကျန်းမာရေးမူဝါဒများ

## အမျိုးသားကျန်းမာရေး

၇။ ကရင်နီပြည်သည်-

(က) အမျိုးသားကျန်းမာရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုကို ပဏာမကျန်းမာရေးစောင့်ရှောက်မှုနည်းလမ်းဖြင့် ထိရောက်စွာဆောင်ရွက်ရမည်။

(ခ) ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအလုံးစုံတို့အား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မဟာဗျူဟာကျကျ စီမံခန့်ခွဲဖော်ဆောင်ရမည်။

(ဂ) ပြည်နယ်၏လူဦးရေနှင့် နေရာဒေသလိုအပ်ချက်အပေါ်မူတည်၍ အရည်အသွေးပြည့်မီသော ဝန်ဆောင်မှုများပေးရန်အတွက် သင့်လျော်သောကျန်းမာရေးအခြေခံအဆောက်အအုံများရှိစေရေး ဆောင်ရွက်ရမည်။

၈။ ပြည်နယ်အစိုးရ၊ ဌာနဆိုင်ရာများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများသည် ပြည်နယ်၏အမျိုးသားကျန်းမာရေးကို ပူးပေါင်းဆောင်ရွက်ရန်တာဝန်ရှိသည်။

၉။ ကရင်နီပြည်သည် ဖယ်ဒရယ်ပြည်ထောင်စု၏ အမျိုးသားကျန်းမာရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ပူးပေါင်းဆောင်ရွက်နိုင်သည်။

## ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုနှင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှု

၁၀။ ကရင်နီပြည်သည်-

(က) ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုများနှင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ပြည်သူများလက်လှမ်းမီနိုင်ရန် ဆောင်ရွက်ရမည်။

(ခ) ပြည်နယ်အတွင်းရှိကျောင်းများ၏ ကျောင်းကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများအားကောင်းခိုင်မာပြီး ကျောင်းသားလူငယ်များ၏ ကျန်းမာရေးပိုမိုကောင်းမွန်စေရန် ဆောင်ရွက်ရမည်။

(ဂ) ကိုယ်ဝန်ဆောင်မိခင်များ၊ မွေးကင်းစနှင့် အသက်(၅)နှစ်အောက်ကလေးများ၏ အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို အခမဲ့ဖြည့်ဆည်းပေးရမည်။

(ဃ) လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ကျေးရွာ၊ ဒေသများတွင် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာအစီအမံများ ထားရှိရမည်။

(င) အသက် (၆၀) နှစ်အထက် သက်ကြီးရွယ်အိုများ၊ မိဘမဲ့ကလေးများနှင့် မသန်စွမ်းသူများ၏အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

(စ) ကျေးလက်ကျန်းမာရေးစောင့်ရှောက်မှုအားကောင်းစေရန် ကမ္ဘာ့ကျေးလက်ကျန်းမာရေးမူဝါဒများ၏ ချဉ်းကပ်မှုပုံစံအသစ် (Rural Proofing for Health)နှင့် ဆောင်ရွက်ရမည်။

(ဆ) ကျန်းမာရေး သုတေသနလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ရမည်။

(ဇ) တိုင်းရင်းဆေးပညာနှင့် တိုင်းရင်းဆေးဆိုင်ရာသုတေသနလုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်။

(ဈ) ဆေးဝါး၊ အစားအစာနှင့် အာဟာရအရည်အသွေးထိန်းချုပ်နိုင်ရေး လုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ရမည်။

၁၁။ ပြည်နယ်ကျန်းမာရေးဌာနသည် ဤမူဝါဒအားအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်သည့် ကျန်းမာရေးဆိုင်ရာအခြေခံဌာနများဖွဲ့စည်းရမည့်အပြင် ကျန်းမာရေးဆိုင်ရာစီမံကိန်းနှင့် စာရင်းအင်းဌာန (Health Statistics) အားအထူးဖွဲ့စည်းရမည်။

၁၂။ ကရင်နီပြည်တွင် မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာမူဝါဒချမှတ်ရာတွင် ပြည်နယ်ဖွဲ့စည်းပုံ၊ ပြည်နယ်ကျန်းမာရေးမူဝါဒပြဋ္ဌာန်းချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၁၃။ ကရင်နီပြည်အတွင်း မွေးဖွားသောသူများအတွက် မွေးစာရင်းနှင့် သေဆုံးသောသူများအတွက် သေဆုံးစာရင်းများ စနစ်တကျထိန်းသိမ်းစီမံဆောင်ရွက်ရမည်။

၁၄။ ကျန်းမာရေးဆိုင်ရာစွန့်ပစ်ပစ္စည်းများကြောင့် သဘာဝပတ်ဝန်းကျင်မထိခိုက်စေရန် အလေးထားဆောင်ရွက်ရမည်။

## ကျန်းမာရေးဆိုင်ရာ ကောင်စီများ

၁၅။ ပြည်နယ်အတွင်းရှိ ဆေးဘက်ဆိုင်ရာအသိပညာရှင်များ၊ အတတ်ပညာရှင်များနှင့် ဆေးဘက်ဆိုင်ရာသင်တန်းကျောင်းများ၏ အရည်အသွေးနှင့် ကျင့်ဝတ်ပိုင်းဆိုင်ရာတို့ကို ကြီးကြပ်ကွပ်ကဲနိုင်ရန် ကရင်နီပြည်ဆေးကောင်စီနှင့် ကရင်နီပြည်သူနာပြုနှင့်သားဖွားကောင်စီ တို့ကို ပြဋ္ဌာန်းထားသည့်သက်ဆိုင်ရာဥပဒေနှင့်အညီ ဖွဲ့စည်းရမည်။

၁၆။ အပိုဒ် ၁၅ ပါ ကောင်စီများဖွဲ့စည်းရာတွင် တတ်နိုင်သမျှပြည်နယ်ကျန်းမာရေးဆိုင်ရာ အစုအဖွဲ့များ ပါဝင်နိုင်သည့်အခန်းကဏ္ဍ ထည့်သွင်းရမည်။

## ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်း

၁၇။ ကရင်နီပြည်တွင် ပြည်သူလူထုများ ကျန်းမာသန်စွမ်းရေးအတွက် ကောင်းမွန်သောအမူအကျင့် အလေ့အထများတိုးပွားစေရန် သက်ဆိုင်ရာပုဂ္ဂိုလ်များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ကျန်းမာရေးဆိုင်ရာအသိပညာပေးမှုများကို မြှင့်တင်ဆောင်ရွက်ရမည်။

၁၈။ ကျန်းမာရေးအသိပညာနှင့် သတင်းအချက်အလက်များကိုပြည်သူများ လက်လှမ်းမီစေရမည်။ ကျန်းမာရေးပညာပေးလုပ်ငန်းများကို ဒေသခံများနားလည်သည့် ဘာသာစကားဖြင့် နည်းလမ်း အသွယ်သွယ်အသုံးပြုကာ ထိရောက်မှုရှိအောင် လုပ်ဆောင်ရမည်။

## တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းချိတ်ဆက် ဆောင်ရွက်ခြင်း

၁၉။ ပြည်နယ်အတွင်းရှိ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ ယင်းတို့၏ ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများကို ပြည်နယ်ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းများအဖြစ် ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီမှ အသိအမှတ်ပြုထုတ်ပြန် ရမည်။

၂၀။ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၏ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများတွင် ဝန်ဆောင်မှုပေးနေသူများကို သက်ဆိုင်ရာဥပဒေနှင့်အညီ အသိအမှတ်ရမည်။

## ပုဂ္ဂလိကကျန်းမာရေး

၂၁။ ကရင်နီပြည်အတွင်းရှိ ပုဂ္ဂလိကကျန်းမာရေးဝန်ဆောင်မှုများသည် ဘေးကင်းလုံခြုံ၍ အရည်အသွေးပြည့်ဝပြီး ထိရောက်သည့်ကျန်းမာရေးစောင့်ရှောက်မှုများဖြစ်စေရန်အတွက် မူဝါဒနှင့်အညီ ရေးဆွဲထားသည့်လုပ်ငန်းလမ်းညွှန်များအတိုင်း ပူးပေါင်းဆောင်ရွက်ရမည်။

၂၂။ ပုဂ္ဂလိကမှဆောင်ရွက်လျှက်ရှိသည့် ဆေးရုံများ၊ ဆေးခန်းများနှင့် ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းများကို ပြည်နယ်ပြည်သူ့ဆေးရုံများ၊ ဆေးခန်းများနှင့် ပြည်သူ့ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းအဖြစ် ပြောင်းလဲဆောင်ရွက်လိုပါက ပြဋ္ဌာန်းထားသည့်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်သည်။

၂၃။ အဖွဲ့အစည်း သို့မဟုတ် လူပုဂ္ဂိုလ်သည် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းနှင့် အခြားကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းများကို ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ လွတ်လပ်စွာဆောင်ရွက်ခွင့်ရှိသည်။

## အခန်း (၄)

## ဘဏ္ဍာရေးဆိုင်ရာပြဋ္ဌာန်းချက်

၂၄။ ကရင်နီပြည်၏ ကျန်းမာရေးရန်ပုံငွေအား အောက်ပါကဏ္ဍများမှ ခွဲဝေသုံးစွဲသည်-

(က) ပြည်နယ်မှရရှိသော ခွဲဝေသုံးစွဲရန်ပုံငွေ၊

(ခ) ပြည်ထောင်စုမှ ပြည်နယ်ကျန်းမာရေးအတွက် ပေးအပ်သည့် သီးခြားရန်ပုံငွေ၊

(ဂ) လူတိုင်းလက်လှမ်းမီနိုင်သည့် ကျန်းမာရေးလွှမ်းခြုံမှု (Universal Health Coverage)ကို အားပေးအားမြှောက်ပြုသည့် ကျန်းမာရေးဘဏ္ဍာငွေစနစ်တစ်ရပ် ထူထောင်ရန် အားပေး၍ ယင်းမှရရှိသည့်ရန်ပုံငွေ၊

(ဃ) ကျန်းမာရေးကိုထိခိုက်စေနိုင်သော လူသုံးကုန်ပစ္စည်းများနှင့်ပတ်သက်၍ ကောက်ခံရရှိသည့် အခွန်ငွေ (Sin Tax) ထဲမှ ကျန်းမာရေးမြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းသတ်မှတ်ပြီး ခွဲဝေသုံးစွဲနိုင်မည့်လျာထားငွေ။

## အခန်း (၅)

## မူဝါဒ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

၂၅။ ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီသည် ဤမူဝါဒကိုအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်-

(က) ကျန်းမာရေးဆိုင်ရာဌာနများဖွဲ့စည်းခြင်း၊ ဝန်ထမ်းများခန့်အပ်ခြင်းနှင့် ကြီးကြပ်ခြင်းများ ဆောင်ရွက်နိုင်သည်။

(ခ) ပြည်တွင်း/ပြည်ပရှိ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ လူပုဂ္ဂိုလ်များနှင့် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်နိုင်သည်။

၂၆။ ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီသည် ပြည်နယ်ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကိုယ်တိုင်ဖြစ်စေ၊ ပူးတွဲ၍ဖြစ်စေ၊ လွှဲအပ်၍ဖြစ်စေ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်သည်။

၂၇။ (က) ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ ကျန်းမာရေးဌာနအနေဖြင့် ဤမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုအပ်သော ကျန်းမာရေးဆိုင်ရာဥပဒေမူကြမ်းများကို ကရင်နီပြည်ကြားကာလလွှတ်တော်သို့ တင်သွင်းရမည်။

(ခ) ကျန်းမာရေးဌာနသည် လိုအပ်သည့်လုပ်ထုံးလုပ်နည်းနှင့် လုပ်ငန်းလမ်းညွှန်များကို ရေးဆွဲထုတ်ပြန်ရာတွင် ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ရယူ၍ ထုတ်ပြန်ကျင့်သုံးရမည်။

## အခန်း (၆)
## မူဝါဒအား ပြင်ဆင်ဖြည့်စွက်ခြင်း

၂၈။ ဤကရင်နီပြည်ကြားကာလကျန်းမာရေးမူဝါဒအား ပြင်ဆင်ဖြည့်စွက်ရန်လိုအပ်ပါက ကရင်နီပြည်အတိုင်ပင်ခံကောင်စီ၏ လမ်းညွှန်ချက်နှင့်အညီ ပြန်လည်သုံးသပ်ပြီး ပြင်ဆင်ဖြည့်စွက်နိုင်သည်။

၂၉။ ပြင်ဆင်ဖြည့်စွက်ပြီးစီးသည့် ကရင်နီပြည်ကြားကာလကျန်းမာရေးမူဝါဒကို ကရင်နီပြည်အတိုင်ပင်ခံကောင်စီမှစိစစ်၍ လုပ်ထုံးလုပ်နည်းများအတိုင်း ပြန်လည်အတည်ပြုပြဋ္ဌာန်းရမည်။

၃၀။ ကရင်နီပြည်အတိုင်ပင်ခံကောင်စီမှ ပြင်ဆင်ဖြည့်စွက်ထားသော ကျန်းမာရေးမူဝါဒအား ပြန်လည်အတည်ပြုပြဋ္ဌာန်းသည့်နေ့မှစ၍ သက်ဆိုင်ရာအဖွဲ့အစည်းများမှ လိုက်နာကျင့်သုံးရမည်။

## အခန်း (၇)
## အထွေထွေ

၃၁။ ကရင်နီပြည်အတွင်းဖြစ်ပေါ်လာနိုင်သည့် ကူးစက်ရောဂါအမျိုးမျိုး၊ သဘာဝဘေးဒဏ်နှင့် ကပ်ဆိုးအန္တရာယ်အမျိုးမျိုးကြောင့်ဖြစ်ပေါ်လာတတ်သော အရေးပေါ်အခြေအနေတွင် ပြည်သူ့ကျန်းမာရေးဆိုင်ရာလုပ်ငန်းစဉ်များဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အစီအမံများ စနစ်တကျ ကြိုတင်ပြင်ဆင်ထားရှိရမည်။

၃၂။ ကရင်နီပြည်သည် ကျန်းမာရေးအာမခံမူဝါဒကို ရေးဆွဲချမှတ်ပေးရမည်။

# နိဂုံး

မူဝါဒရေးဆွဲရေးလုပ်ငန်းစဉ်များတွင် ကရင်နီပြည်အတွင်းရှိ ပြည်သူလူထုများ၏အသံများ၊ ပြည်နယ်အတွင်းရှိ ကျန်းမာရေးဝန်ဆောင်မှုပေးနေသော သက်ဆိုင်ရာအဖွဲ့အစည်းများ၊ အင်အားစုများနှင့်တွေ့ဆုံ၍ ဆွေးနွေးအကြံပြုချက်များရယူပြီး ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။ ဤကျန်းမာရေးမူဝါဒသည် တော်လှန်ရေးကာလတွင် ကရင်နီပြည်၏ဖက်ဒရယ် ကျန်းမာရေးစနစ် တည်ဆောက်ရေးလုပ်ငန်းစဉ်များကို အထောက်အကူပြုနိုင်စေရန် ရည်ရွယ်ထားပြီး ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီသည် လူထုကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းများကို မူဝါဒနှင့်အညီ လက်တွေ့အကောင်အထည်ဖော်ဆောင်နိုင်စေရန်လည်း ရည်ရွယ်ပါသည်။ ဆက်လက်ပြီး အသွင်ကူးပြောင်းရေးကာလနှင့် အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်သည့်ကာလများ တွင် ပေါ်ပေါက်လာမည့် ကျန်းမာရေးမူဝါဒများနှင့် ကျန်းမာရေးစနစ်များအတွက်လည်း ရည်ညွှန်း ကိုးကားစရာတစ်ခုအဖြစ် အသုံးပြုနိုင်ရန် မျှော်လင့်ပါသည်။

**ကရင်နီပြည်ကြားကာလ ကျန်းမာရေးမူဝါဒ ရေးဆွဲရေးကော်မတီ**

**ကရင်နီပြည်အတိုင်ပင်ခံကောင်စီ**

ကရင်နီပြည်အတိုင်ပင်ခံကောင်စီမှ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၁၆) ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းသည်။